# ouomavmewloOj'pmyxrapmi

၁ ပေါလု၊သိလွာနုနှင့် တိမောသေတို့ထံမှ သက်သာလောနိတ်မြို့၌ရှိသော အသင်းတော် (ယုံကြည်သူများအစုအဝေး) ကို နှုတ်ဆက်ပါ၏။ သင်တို့သည် ငါတို့အဖခမည်းတော်ဘုရားသခင်နှင့် သခင်ယေရှု ခရစ်တော်၌ရှိကြ၏။ ဘုရားသခင်၏ ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌ ရှိပါစေသော။

**သက်သာလောနိတ်မြို့သားတို့၏ အသက်တာ နှင့် ယုံကြည်ခြင်း**

၂ ငါတို့သည်ဆုတောင်းသောအခါ အစဉ် မပြတ်သင်တို့ကို အောက်မေ့သတိရ၏။ ငါတို့သည် သင်တို့အားလုံးအတွက် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းကြ၏။ ၃ ငါတို့သည် ငါတို့၏ အဖဘုရားသခင်ကို ဆုတောင်းကြသောအခါ သင်တို့၏ ယုံကြည်ခြင်းကြောင့် သင်တို့လုပ်ဆောင်သောအရာများအတွက် သူ ၏ ကျေးဇူးတော်ကို ချီးမွမ်းကြ၏။ သင်တို့၏ ချစ်ခြင်းမေတ္တာအားဖြင့် သင်တို့ပြုသောအမှုအရာတို့အတွက် ငါတို့သည် သူ၏ကျေးဇူးတော်ကို ချီးမွမ်းကြ၏။ သခင်ယေရှုခရစ်တော်၌ သင်တို့၏မျှော်လင့်ခြင်းသည် ဆက်လက်၍ အားကြီးသောကြောင့် ငါတို့သည် သူ၏ ကျေးဇူးတော်ကို ချီးမွမ်းကြ၏။ ၄ ညီအစ်ကို မောင်နှမများတို့ ဘုရားသခင်သည် သင်တို့ကို ချစ်တော်မူ၏။ သူသည် သင်တို့ကိုသူ့အ တွက်ရွေးကောက်တော်မူကြောင်းကို ငါတို့ သိကြ၏။ ၅ ငါတို့သည် ဝမ်းမြောက်စရာသတင်းကောင်းကို သင်တို့ထံ ယူဆောင်လာခဲ့ကြ၏။ သို့သော်လည်း ငါတို့သည် စကားလုံးများကိုသာ အသုံးပြုကြသည်မဟုတ်၊ ငါတို့သည် ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကို တန်ခိုးနှင့် ယူဆောင်လာခဲ့ကြ၏။ ငါတို့သည် ထိုသတင်းကောင်းကို သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း၊ ထိုအရာတို့သည် မှန်ကန်ကြောင်း အသေအချာသိသော ဉာဏ်အားဖြင့်လည်းကောင်း ယူလာခဲ့ကြ၏။ ထို့အတူ ငါတို့သည် သင်တို့နှင့်အတူရှိနေစဉ် အဘယ်သို့ အသက်ရှင်ကြသည်ကို သင်တို့သိကြ၏။ ငါတို့သည် သင်တို့ကို ကူညီရန် ထိုနည်းလမ်းအားဖြင့် အသက်ရှင်ရကြ၏။ ၆ သင်တို့သည် ငါတို့ကဲ့သို့သောသူ၊ သခင်ဘုရားကဲ့သို့သောသူဖြစ်လာခဲ့ကြသည်။ သင်တို့သည် ဆင်းရဲဒုက္ခကို များစွာခံရကြ၏။ သို့သော် သင်တို့သည် သွန်သင်ခြင်းကို ဝမ်းမြောက်စွာ ခံယူလျက်ရှိကြသေး၏။ သန့်ရှင်းသောဝိညာဉ်တော်သည် ထိုဝမ်းမြောက်ခြင်းကို သင်တို့အား ပေးတော်မူ၏။ ၇ သင်တို့သည် မာကေဒေါနိပြည်နှင့် အခါယပြည်၌ရှိကြသော ယုံကြည်သူများအားလုံး၌ ပုံသက်သေဖြစ်ကြ၏။ ၈ သခင်ဘုရား၏ သွန်သင်တော်မူခြင်း နှုတ်ကပတ်တရားတော်သည် မာကေဒေါနိပြည်နှင့် အခါယပြည်တွင် သင်တို့အားဖြင့် ပျံ့နှံ့လျက်ရှိ၏။ ထို့ကြောင့် ဘုရားသခင်၌ သင်တို့၏ ယုံကြည်ခြင်းသည် နေရာတိုင်းတို့၌ သိရှိလာခဲ့ကြ၏။ ထို့ကြောင့် ငါတို့သည် သင်တို့၏ ယုံကြည်ခြင်းနှင့်ပတ်သက်၍ ပြောဆိုရန် မလိုအပ်ပါ။ ၉ ငါတို့သည် ထိုနေရာ၌ သင်တို့နှင့်အတူရှိနေစဉ်သင်တို့သည် ငါတို့ကိုလက်ခံခဲ့ကြသည့်ကောင်းသောနည်းလမ်းအကြောင်းတို့ကိုလူတို့သည်နေရာအနှံ့အပြား၌ ပြောဆိုကြ၏။ သင်တို့ သည် ရုပ်တုဆင်းတုများကို ကိုးကွယ်နေခြင်းမှ အသက်ရှင်တော်မူ၍ စစ်မှန်သောဘုရားသခင်ထံသို့ ပြောင်းလဲ၍ အစေခံကြသည်ကို ထိုလူတို့သည် ပြောဆိုလျက်ရှိကြ၏။ ၁၀ သင်တို့သည် ရုပ်တုဆင်းတုများကိုးကွယ်ခြင်းကို စွန့်လွှတ်ကြကာ ကောင်းကင်ဘုံမှ ကြွလာမည့် ဘုရားသခင်၏သားတော်ကို စောင့်မျှော်လျှက်နေကြ၏။ ဘုရားသခင်သည် ထိုသားတော်ကိုသေခြင်းမှရှင်ပြန်ထမြောက်စေတော်မူ၏။ ရောက်လာလတံ့သော ဘုရားသခင်၏ အမျက်ဒေါသဖြင့် တရားစီရင်ခြင်းမှ ငါတို့ကို ကယ်တင်တော်မူသော ထိုသူသည် ယေရှုဖြစ်၏။

**သက်သာလောနိတ်မြို့၌ ပေါလု အမှုဆောင်ခြင်း**

၂ ညီအစ်ကိုမောင်နှမများတို့ သင်တို့သည် ငါ့ဆီသို့လာရောက်ခြင်းသည် ဆုံးရှုံးမှုတစ်ခုမဟုတ်ပါ။ ၂ ငါတို့သည် သင်တို့ဆီ ရောက်မလာမီ ဖိလိပ္ပိမြို့၌ ဆင်းရဲခံရ၏။ ထိုနေရာ၌ လူတို့သည် ငါတို့ကို ဆန့်ကျင်၍ မကောင်းသောအမှုအရာများကို ပြော

ဆိုကြ၏။ ထိုအကြောင်းအရာအားလုံးတို့ကို သင်
တို့သိကြ၏။ ငါတို့သည် သင်တို့ထံသို့ ရောက်လာ
သောအခါ မြောက်မြားစွာသောလူတို့သည် ငါတို့
အား ဆန့်ကျင်၍ဆီးတားကြ၏။ သို့သော်လည်း ငါ
တို့ ဘုရားသခင်သည် ငါတို့အား ရဲရင့်ခြင်းရှိစေ
ရန် ကူညီတော်မူ၏။ သူသည် သင်တို့အား သူ၏
ဝမ်းမြောက်စရာသတင်း ကောင်းကို ဟောပြောရန်
ငါတို့အား ကူညီတော်မူ၏။ [၃] ငါတို့သည် လူတို့အား
တိုက်တွန်းအားပေး *(သွန် သင်)* ရ၏။ မည်သူကမျှ
ငါတို့အား လိမ်လည်လှည့်ဖြားခြင်း မပြုပါ။ ငါတို့
သည် ဆိုးညစ်သောသူများမဟုတ်ကြ။ ငါတို့သည်
လူတို့အား ပရိယာယ်ဖြင့်လှည့်စားရန် မကြိုးစားကြ။
ထိုအရာများတို့သည် ငါတို့လုပ်ရမည့်အကြောင်း
များမဟုတ်ပါ။ [၄] ထိုသို့မဟုတ်ပါ။ ငါတို့သည် ဝမ်း
မြောက်စရာသတင်းကောင်းကို ဟောပြောကြ၏။
အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ငါတို့
အား စစ်ကြော၍ ဝမ်းမြောက်စရာသတင်းကောင်း
ကို ဟောပြောရန် ငါတို့အား စိတ်ချတော်မူ၏။
ထို့ကြောင့်ငါတို့ သည် ဟောပြောသောအခါ လူတို့
ကျေနပ်နှစ်သက်ရန် မကြိုးစားကြ။ ငါတို့သည် ဘုရား
သခင်ကိုသာ ကျေနပ်နှစ်သက်စေတော်မူရန် ကြိုး
စားလျက်နေကြ၏။ ဘုရားသခင်သည် ငါတို့၏စိတ်
နှလုံးများကို စမ်းသပ်စစ်ကြော(နီးကပ်စွာကြည့်ရှု
တော်မူ)သောသူဖြစ်၏။ [၅] ငါတို့သည် သင်တို့အား
နားဝင်ချိုသောအရာများကို ပြောဆိုသောအားဖြင့်
သင်တို့ကို လွှမ်းမိုးရန် တစ်ကြိမ်တစ်ခါမျှ မကြိုးစား
ခဲ့ကြသည်ကို သင်တို့ သိကြ၏။ ငါတို့သည် သင်တို့
၏ငွေများကို ရရှိရန်မကြိုးစားကြ။ ငါတို့၌ သင်တို့
အား ဖုံးကွယ်စရာ အတ္တစိတ်သဘောအလျင်းမရှိ
ကြ။ ထိုအရာမှန်သည်ကို ဘုရားသခင်သိတော်မူ
၏။ [၆] ငါတို့သည် လူတို့၏ချီးမွမ်းခြင်းကို မရှာ။ ငါ
တို့သည် ချီးမွမ်းခြင်းကိုသင်တို့ထံမှလည်းကောင်း၊
အခြားသူများထံမှလည်းကောင်း မရှာကြံခဲ့ကြပါ။
[၇] ငါတို့သည် ခရစ်တော်၏ တမန်တော်များ
ဖြစ်ကြ၏။ ထို့ကြောင့် ငါတို့သည် သင်တို့နှင့် အတူ
ရှိနေသောအခါ သင်တို့သည် အမှုအရာများတို့ကို
ပြုကြရမည်အကြောင်း ငါတို့၏အခွင့်အာဏာကို
ငါတို့အသုံးပြုကြ၏။ သို့သော်လည်း ငါတို့သည် သင်
တို့ရှေ့၌ အလွန်နူးညံ့သိမ်မွေ့ခြင်းရှိကြ၏။ မိခင်
တစ်ဦးသည် သူမ၏ကလေးငယ်များကို ကြည့်ရှု
စောင့်ရှောက်သကဲ့သို့ ငါတို့ဖြစ်ကြ၏။ [၈] ငါတို့သည်
သင်တို့ကို အလွန်ချစ်ကြ၏။ ထို့ကြောင့် ဘုရား
သခင်၏ ဝမ်းမြောက်စရာသတင်းကောင်းကို သင်
တို့အားဝေငှဟောပြောခြင်း၌ ငါတို့သည်ဝမ်းမြောက်
ခြင်းရှိကြ၏။ သို့သော်လည်း ထိုမျှသာမက ငါတို့၏
အသက်များကိုပင်လျှင် သင်တို့အား ပေးချင်သော
စိတ်ဖြင့် ငါတို့သည် ဝမ်းမြောက်ခြင်းရှိကြ၏။ [၉] ညီ
အစ်ကိုမောင်နှမများတို့ ငါတို့သည် အဘယ်မျှ
လောက် ကြမ်းတမ်းခက်ခဲစွာ လုပ်ဆောင်နေကြ
သည်ကို သင်တို့ သည် အောက်မေ့သတိရကြောင်း
ငါသိ၏။ ငါ တို့သည် နေ့ရောညပါလုပ်ဆောင်လျက်
နေ ကြ၏။ ငါတို့သည် သင်တို့အား ဘုရားသခင်၏
ဝမ်းမြောက်စရာသတင်းကောင်းကို ဟောပြောနေ
စဉ် သင်တို့သည် ငါတို့အား ပေးကမ်း စွန့်ကြဲရ
မည်ဟူသောဝန်တာ သင်တို့၌ဖြစ်စေ ရန် ငါတို့အ
လိုမရှိပါ။

[၁၀] ငါတို့သည် ယုံကြည်သူများဖြစ်ကြသော သင်
တို့နှင့်အတူ ရှိနေသောအခါ ငါတို့သည် အများ
အယွင်းကင်းလျက် သန့်ရှင်းခြင်းနှင့် ဖြောင့်မတ်
ခြင်း ၌ အသက်ရှင်ကြ၏။ ဤအရာ မှန်သည်ကို
သင်တို့သိကြ၏။ ဤအရာမှန်သည်ကို ဘုရားသခင်
သိတော်မူ၏။ [၁၁] ဖခင်တစ်ဦးသည် သူ၏သားသမီး
များကို ပြုစုကျွေးမွေးသကဲ့သို့ ငါတို့သည်လည်း
သင်တို့ တစ် ယောက်စီကို ပြုစုကျွေးမွေးခဲ့ကြသည်
ကို သင်တို့သိကြ၏။ [၁၂] ငါတို့သည် သင်တို့ကိုအား
ပေးတိုက်တွန်းပါ၏။ ငါတို့သည် သင်တို့ကို နှစ်
သိမ့်၍ သက်သာစေကြ၏။ ဘုရားသခင်အတွက်
ကောင်းသောအသက်တာများ၌ အသက်ရှင်ကြရန်
သင်တို့အား ငါတို့ပြောဆိုကြ၏။ ဘုရားသခင်သည်
သင်တို့အား သူ၏ နိုင်ငံတော်နှင့် ဘုန်းအသရေ
တော်အတွက် ခေါ်တော်မူ၏။

[၁၃] သင်တို့သည် ဘုရားသခင်၏သတင်းစကား
*(သွန်သင်ခြင်း)* ကို ခံယူကြသောကြောင့် ငါတို့သည်
အစဉ်မပြတ် ဘုရားသခင်၏ ကျေးဇူးတော်ကို
ချီးမွမ်းကြ၏။ သင်တို့သည် ထို သတင်းစကားကို
ငါတို့ထံမှာ ကြားရကြ၏။ သင်တို့သည် ထိုအရာကို
လူတို့၏စကားများ မဟုတ်၊ ဘုရားသခင်၏နှုတ်
တော်ထွက်စကား များကဲ့သို့ ခံယူခဲ့ကြ၏။ ထိုအရာ
သည်ဘုရားသခင်၏သတင်းစကား *(သွန်သင်ခြင်း)*
အစစ်အမှန်ဖြစ်၏။ ထိုသတင်းစကားသည် ယုံကြည်
သော သင်တို့အထဲ၌ အလုပ်လုပ်တော်မူ၏။ [၁၄] ညီ
အစ်ကိုမောင်နှမများတို့ သင်တို့သည် ယုဒပြည်၌
ရှိသော ခရစ်တော်ယေရှု၌ ဘုရားသခင်၏ အသင်း
တော်များ *(လူများ)* ကဲ့သို့ ဖြစ်ကြ၏။ ယုဒပြည်၌ရှိ

သော ဘုရားသခင်၏ လူတို့သည် ထိုနေရာ၌ရှိသည့်
အခြားသော ဂျူးလူမျိုးများအားဖြင့် ဆိုးသောအရာ
များတို့ကို ခံရကြ၏။ သင်တို့သည်လည်း ထိုနည်းတူ
ဆိုးသောအရာများကို သင်တို့နိုင်ငံ၌ရှိသော သူတို့
အားဖြင့် ခံရကြ၏။ ၁၅ ထိုဂျူးလူမျိုးတို့သည် သခင်
ယေရှုကို ကွပ်မျက်ကြလေ၏။ သူတို့သည် ပရောဖက်
များတို့ကိုလည်း သတ်ခဲ့ကြ၏။ ထိုဂျူးလူမျိုးတို့က
ငါတို့သည်လည်း ထိုနိုင်ငံ *(ယုဒပြည်)* မှ ထွက်သွား
ကြရန် အတင်းအကြပ်ပြုကြ၏။ ဘုရားသခင်သည်
သူတို့၌ အားရနှစ်သက်တော်မူခြင်းမရှိ။ သူတို့သည်
လူအားလုံးတို့ကို ဆန့်ကျင်ဆီးတားကြ၏။ ၁၆ မှန်
ပေ၏။ ငါတို့သည် ဂျူးလူမျိုးမဟုတ်သော အခြား
သောလူမျိုးတို့အား သွန်သင်ခြင်း မှ ရပ်တန့်စေရန်
သူတို့ကြိုးစားကြ၏။ ငါတို့သည် ဂျူးလူမျိုးမဟုတ်
သော အခြားလူမျိုးတို့အားလည်း သွန်သင်ကြ၏။
သို့မှသာ ထိုဂျူးလူမျိုးမဟုတ်သော အခြားသော
လူမျိုးတို့သည်လည်း ကယ်တင်တော်မူခြင်းသို့
ရောက် ရကြပါမည်။ သို့သော်လည်း ထိုဂျူးလူမျိုး
တို့သည် သူတို့၌ရှိနှင့်ပြီးသော အပြစ်ဒုစရိုက်များ
ထက် ပို၍ပို၍များသော အပြစ်ဒုစရိုက်များတို့ကို
ထပ်၍ကျူးလွန်လျက်ရှိကြ၏။ ဘုရားသခင်၏ အ
မျက်ဒေါသသည် သူတို့အပေါ်၌ ယခုပင်အပြည့်
အဝရောက်ရှိလာပြီးဖြစ်၏။

**ပေါလုသည် သူတို့ထံ တဖန်အလည်အပတ် သွားရန် ဆန္ဒရှိခြင်း**

၁၇ ညီအစ်ကိုမောင်နှမတို့ ငါတို့သည် သင်တို့
နှင့်ခေတ္တခဏ ခွဲခွါရကြ၏။ (ငါတို့သည် သင်တို့
နှင့်အတူ ထိုနေရာ၌မရှိ၊ သို့သော်လည်း ငါတို့၏
အကြံအစည်မှာ သင်တို့ နှင့်အတူရှိသေး၏) ငါတို့
သည် သင်တို့နှင့် တွေ့မြင်ရန် အလွန်အလိုရှိကြ၏။
ငါတို့သည် ထိုသို့ တွေ့မြင်ရန် အလွန်ကြိုးစားလျက်
ရှိကြ၏။ ၁၈ မှန်ပါ၏။ ငါတို့သည် သင်တို့ထံ လာရန်
အလိုရှိခဲ့ကြ၏။ အမှန်စင်စစ်၊ ငါပေါလုသည် လာ
ရန် ကြိမ်ဖန်များစွာ ကြိုးစားခဲ့၏။ သို့သော်လည်း
စာတန် *(မာရ်နတ်)*သည် ငါတို့ကို ဆီးတားလျက်
ရှိ၏။ ၁၉ သင်တို့သည် ငါတို့၏ မျှော်လင့်ခြင်း၊ ငါတို့
၏ဝမ်းမြောက်ခြင်းနှင့် ငါတို့သခင် ယေရှုခရစ်ကြွ
လာတော်မူသောအခါ ငါတို့ ဝါကြွားစရာသရဖူဖြစ်
လိမ့်မည်။ ၂၀ အမှန်စင်စစ် သင်တို့သည် ငါတို့၏
ဘုန်းအသရေနှင့် ငါတို့၏ ဝမ်းမြောက်ခြင်းဖြစ်ကြ
၏။

၃ ငါတို့သည် သင်တို့ရှိရာသို့ ရောက်မလာနိုင်။
သို့သော်လည်း ထပ်၍စောင့်နေရန်မှာ အလွန်
ခက်ခဲလှ၏။ ၂ ထို့ကြောင့် ငါတို့သည် သင်တို့ရှိရာ
သို့ တိမောသေကိုစေလွှတ်၍ အာသင်မြို့၌ တစ်
ယောက်တည်းရှိနေရန် ငါတို့ ဆုံးဖြတ်ခဲ့ကြ၏။ တိ
မောသေသည် ငါတို့၏ ညီဖြစ်၏။ သူသည် လူတို့
အား ခရစ်တော်အကြောင်းဝမ်းမြောက်ဖွယ်ရာသတင်း
ကောင်းကို ဟောပြောရန် ဘုရားသခင်နှင့်အတူ
လုပ်ဆောင်သောသူဖြစ်၏။ သင်တို့၏ယုံကြည်ခြင်း
၌ သင်တို့သည် ခွန်အားနှင့်ပြည့်စေရန် နှစ်သိမ့်၍
အားပေးတိုက်တွန်းစေခြင်းငှာ တိမောသေကို ငါ
တို့ စေလွှတ်ခဲ့၏။ ၃ ငါတို့သည် တိမောသေကို စေ
လွှတ်ခြင်းမှာ သင်တို့တွင် အဘယ်သူမျှ ယခုငါတို့
ခံရသော ဒုက္ခဆင်းရဲခြင်းများအားဖြင့် စိတ်ပျက်
ခြင်းမရှိမည်အကြောင်း သင်တို့ ကိုယ်တိုင်သိကြ
၏။ ၄ ငါတို့သည် သင်တို့နှင့်အတူ ရှိနေသောအခါ
၌ပင် ငါတို့အားလုံးသည် ဒုက္ခဆင်းရဲကို ခံရမည့်
အကြောင်း သင်တို့ကို ငါတို့ပြောခဲ့၏။ ၅ ထိုအရာ
သည် ငါတို့ ဟောပြောသည့်အတိုင်း ဖြစ်ပျက်ခဲ့
သည်ကို သင်တို့သိ ကြ၏။ ထိုအကြောင်းကြောင့်
ငါသည် တိမောသေကို သင်တို့ရှိရာသို့ စေလွှတ်
ခဲ့၏။ သို့မှသာ ငါသည် သင်တို့၏ ယုံကြည်ခြင်း
အကြောင်းကို သိနိုင်မည်ဖြစ်၏။ ငါသည် ထပ်
၍စောင့်ရန် မတတ်နိုင်သောအခါ သူ့ကို စေလွှတ်
၏။ လူတို့ကို စုံစမ်းသွေးဆောင်သောသူ *(မာရ်နတ်)*
သည် စုံစမ်းသွေးဆောင်ခြင်းများဖြင့် သင်တို့ကို
လိမ်လည်လှည့်ဖြားမည်ကို ငါသည်စိုးရိမ်ကြောက်
ရွံ့နေရ၏။ ထိုသို့ဖြစ်လျှင် ငါတို့၏ ကြမ်းတမ်း
ခဲယဉ်းစွာလုပ်ဆောင်ခြင်းသည် အချည်းနှီး အလ
ဟဿဖြစ် သွားပေမည်။

၆ သို့ရာတွင် တိမောသေသည် သင်တို့ထံမှ
ပြန်လာသည့်အခါ သူသည် သင်တို့၏ယုံကြည်ခြင်း
နှင့် ချစ်ခြင်းမေတ္တာအကြောင်း သတင်းကောင်း
ကို ငါတို့အား ပြောပြ၏။ သင်တို့သည် အစဉ်မပြတ်
ငါတို့ကို ကောင်းသောအရာ၌ အောက်မေ့ကြသည်
ကို ငါတို့အား တိမောသေပြောပြ၏။ သင်တို့သည်
ငါတို့ကို အလွန်အမင်း ပြန်တွေ့လိုကြသည်ကို သူ
သည် ငါတို့အား ပြောပြ၏။ ထိုနည်းတူ ငါတို့၌လည်း
သင်တို့နည်းတူဖြစ်၏။ ငါတို့သည်လည်း သင်တို့ကို
အလွန်အမင်းတွေ့လိုကြ၏။ ၇ ထို့ကြောင့် ညီအစ်ကို
မောင်နှမများတို့ သင်တို့အကြောင်းကြောင့် ငါတို့
သည် နှစ်သိမ့်သက်သာခြင်းရှိကြ၏။ အဘယ်ကြောင့်

ဆိုသော် သင်တို့၏ ယုံကြည်ခြင်းကြောင့်ဖြစ်၏။ ငါ
တို့သည် အလွန် စိုးရိမ်ခြင်းဒုက္ခနှင့် ဆင်းရဲခြင်းကို
ခံရကြ၏။ သို့သော်လည်း ငါတို့သည် နှစ်သိမ့်သက်
သာခြင်းရှိသေး၏။ ၈ အကယ်၍သင်တို့သည် သခင်
ဘုရား၌ ခိုင်ခံ့စွာရပ်နေကြလျှင် ငါတို့၏ဘဝအသက်
တာသည် အမှန်ပြည့်စုံပါမည်။ ၉ ငါတို့သည် သင်တို့
ကြောင့် ငါတို့ဘုရားသခင်ရှေ့တော်၌ အလွန်ဝမ်း
မြောက်ခြင်းရှိကြ၏။ ထို့ကြောင့် ငါတို့သည် သင်
တို့အတွက်ကြောင့် ဘုရားသခင်၏ကျေးဇူးတော်ကို
ချီးမွမ်းကြ၏။ သို့သော် ငါတို့ခံစားရသော ဝမ်းမြောက်
ခြင်းအားလုံးအတွက် ငါတို့သည် သူ၏ ကျေးဇူး
တော်ကို လုံလောက်စွာ မချီးမွမ်းနိုင်ကြ။ ၁၀ ငါတို့
သည် သင်တို့အတွက် နေ့ညမနား ဆက်လက်၍
အပြင်းအထန် ဆုတောင်းပေးကြ၏။ ငါတို့သည်
ထိုနေရာ၌ရှိ၍ သင်တို့နှင့် တဖန်တွေ့ဆုံပြီး သင်
တို့၏ယုံကြည်ခြင်း ခိုင်ခံ့ခြင်းရှိရန် လိုအပ်သော
အရာများအားလုံးတို့ကိုပေးနိုင်ရန် ငါတို့ဆုတောင်း
၏။ ၁၁ ငါတို့ ဘုရားသခင်၊ အဖခမည်းတော်နှင့်
ငါတို့၏ သခင်ယေရှုသည် သင်တို့ထံသို့ရောက်
လာရန် ပြင်ဆင်ပေးတော်မူမည့်အကြောင်း ငါတို့
ဆုတောင်း၏။ ၁၂ သခင်ဘုရားသည် သင်တို့၏ ချစ်
ခြင်းမေတ္တာကို ကြီးထွားစေပါမည်အကြောင်း ငါ
တို့ဆုတောင်း၏။ သူသည် သင်တို့အား အချင်း
ချင်းတစ်ယောက်ကို တစ်ယောက် ပို၍ချစ်နိုင်ရန်
နှင့် လူသားအားလုံးကို ပို၍ပို၍ချစ်နိုင်ကြရန် မစ
သနားတော်မူပါမည်အကြောင်း ငါတို့ဆုတောင်း
၏။ ငါတို့သည် သင်တို့ကို ချစ်သကဲ့သို့ သင်တို့
သည်လည်းလူအားလုံးကိုချစ်နိုင်ကြပါမည်အကြောင်း
ငါတို့ဆုတောင်း၏။ ၁၃ သင်တို့၏ စိတ်နှလုံးသည်
ခိုင်ခံ့၍ ခွန်အားနှင့် ပြည့်စုံပါမည်အကြောင်း ဤ
အရာကို ငါတို့ ဆုတောင်း၏။ ထို့နောက် ငါတို့
သခင်ယေရှုသည် သူ၏သန့်ရှင်းသောသူအားလုံးတို့
နှင့်ကြွလာတော်မူသောအခါ ငါ့တို့အဖခမည်းတော်
ဘုရားသခင်၏ ရှေ့တော်၌ သင်တို့သည် အမှား
အယွင်း ကင်းလျက် သန့်ရှင်းခြင်းရှိကြပါလိမ့်မည်။

**ဘုရားသခင်နှစ်သက်တော်မူသော အသက်တာ**

၄ ညီအစ်ကိုမောင်နှမတို့ ယခုတွင် ငါတို့သည်
သင်တို့အားပြောရန် အခြားသောအကြောင်း
အရာများရှိ၏။ ငါတို့သည် သင်တို့အား ဘုရားသခင်
နှစ်သက်စေရန် အဘယ်သို့ အသက်ရှင်ရမည်ကို
သွန်သင်ပြီးဖြစ်၏။ သင်တို့သည်လည်း ထိုနည်းလမ်း
အားဖြင့် အသက်ရှင်နေကြ၏။ ယခုတွင် ထိုနည်း
လမ်းအတိုင်း ပင် ပို၍အသက်ရှင်ရမည်အကြောင်း
ငါတို့သည် သင်တို့ကို သခင်ယေရှု၌ တောင်းပန်
လျက် အားပေးတိုက်တွန်းကြ၏။ ၂ သင်တို့ အ
ဘယ်သို့ကျင့်ဆောင်ရမည်အကြောင်း ငါတို့ပြော
သောအရာများတို့ကို သင်တို့သိကြ၏။ ငါတို့သည်
ထိုအရာများကို သခင်ယေရှု၏ အခွင့်အာဏာ
*(တန်ခိုး)*အားဖြင့် သင်တို့ အားပြော၏။ ၃ ဘုရားသ
ခင်သည် သင်တို့ကို သန့်ရှင်းခြင်းရှိရန် အလိုတော်
ရှိ၏။ သူသည် သင်တို့ကို လိင်နှင့်သက်ဆိုင်သော
အပြစ်များမှ ဝေးဝေး၌နေကြရန် အလိုတော်ရှိ၏။
၄ ဘုရားသခင်သည် သင်တို့တစ်ဦးချင်းစီအား သင်
တို့ကိုယ်ခန္ဓာထိန်းချုပ်ခြင်းကို သင်ယူကြရန် အလို
တော်ရှိ၏။ သင်တို့၏ကိုယ်ခန္ဓာကို သန့်ရှင်းခြင်း
နှင့် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေခြင်း
တို့ဖြင့် အသက်ရှင်ပါ။ ၅ သင်တို့၏ ကိုယ်ခန္ဓာကို
လိင်နှင့် သက်ဆိုင်သောအပြစ်များ၌ အသုံးမပြုကြ
နှင့်။ ဘုရားသခင်ကို မသိသောသူတို့သည် သူတို့
၏ကိုယ်ခန္ဓာများကို ထိုအတွက် အသုံးပြုကြ၏။
၆ သင်တို့တွင် မည်သူတစ်ဦးတစ်ယောက်ကမျှ
ခရစ်တော်၌ သင်တို့၏ ညီအစ်ကိုအား မှားယွင်း
ခြင်းမပြုကြနှင့်။ သို့မဟုတ် သူ့ကိုလည်း ဤနည်း
လမ်းအားဖြင့် လိမ်ညာလှည့်ဖြားခြင်းမပြုကြနှင့်။ ထို
အရာများကို ပြုသောသူတို့အား သခင်ဘုရားသည်
အပြစ်ဒဏ်ကို စီရင်တော်မူလိမ့်မည်။ ငါတို့သည်
သင်တို့အား ထိုအကြောင်းကို ပြော၍ သတိပေး
နှင့်ပြီးဖြစ်၏။ ၇ ဘုရားသခင်သည် ငါတို့အား သန့်
ရှင်းခြင်းရှိရန် ခေါ်တော်မူ၏။ သူသည် ငါတို့ကို
အပြစ်တရားထဲ၌ အသက်ရှင်ရန် အလိုတော်မရှိ။
၈ ထို့ကြောင့် ဤသွန်သင်ခြင်းတရားကို ငြင်းပယ်
သောသူသည် ဘုရားသခင်ကို နာခံရန် ငြင်းပယ်
လျက်နေသောသူပင်ဖြစ်၏။ လူကို နာခံရန် ငြင်း
ပယ်ခြင်းမဟုတ်၊ ဘုရားသခင်သည် သင်တို့အား
သူ၏သန့်ရှင်းသောဝိညာဉ် တော်ကို ပေးသောသူ
ဖြစ်၏။

၉ သင်တို့သည် ခရစ်တော်၌ သင်တို့၏ ညီအစ်
ကိုများနှင့် ညီအစ်မများကို ချစ်ကြရမည်အကြောင်း
သင်တို့အား ငါတို့ရေးသား ရန်မလိုပါ။ ဘုရားသ
ခင်သည် သင်တို့အချင်းချင်းချစ်ကြရန် သွန်သင်
တော်မူနှင့်ပြီးဖြစ်၏။ ၁၀ သင်တို့သည် မာကေဒေါ
နိပြည်၌ရှိသော ညီအစ်ကိုမောင်နှမအားလုံးကိုအမှန်
ချစ်ကြရ၏။ ညီအစ်ကိုမောင်နှမများတို့ ယခုတွင်

သင်တို့သည် သူတို့ကို ပို၍ပို၍ချစ်ကြရန် ငါတို့သည် သင်တို့ကို တိုက်တွန်းနှိုးဆော်၏။

၁၁ ငြိမ်သက်ခြင်းနှင့်ယှဉ်သော အသက်တာ၌ သင်တို့သည် ပြုနိုင်သမျှသောအရာအားလုံးတို့ကို ပြုကြပါ။ သင်တို့၏အမှုကို ကြည့်ရှုဆောင်ရွက်ကြပါ။ သင်တို့၏အမှုအရာကိုပြုကြပါ။ ငါတို့သည် သင်တို့အား ထိုအရာများကို ပြုကြရန် ပြောနှင့်ကြပြီးဖြစ်၏။ ၁၂ အကယ်၍ သင်တို့သည် ဤအရာများကို ပြုကြလျှင် ယုံကြည်သူမဟုတ်သောသူတို့သည် သင်တို့၏ အသက်ရှင်ခြင်းလမ်းကို ကြည်ညိုလေးစားကြပါလိမ့်မည်။ သင်တို့သည်လည်း သင်တို့ လိုအပ်သောအရာများကို အခြားသောသူတို့အပေါ်၌ မှီခိုခြင်းရှိကြလိမ့်မည်မဟုတ်။

## သခင်ဘုရားကြွလာတော်မူမည်

၁၃ ညီအစ်ကိုမောင်နှမတို့၊ ငါတို့သည် သင်တို့အား သေလွန်သောသူတို့၏အကြောင်းကို သိစေရန် အလိုရှိကြ၏။ ငါတို့သည် သင်တို့အား မျှော်လင့်ချက်မရှိသည့် အခြားသော သူများကဲ့သို့ ဝမ်းနည်းကြေကွဲကြရန် အလိုမရှိကြ။ ၁၄ ယေရှုသည် အသေခံတော်မူသည်ကို ငါတို့သည် ယုံကြည်ကြ၏။ သို့သော်လည်း ယေရှုသည် တဖန်ရှင်ပြန်ထမြောက်ကြောင်းကို ငါတို့ယုံကြည်ကြ၏။ ထို့ကြောင့် ယေရှုအားဖြင့် ဘုရားသခင်သည် ထိုသေလွန်သောသူတို့ကို ယေရှုနှင့်အတူ ရှင်ပြန်ထမြောက်စေတော်မူလိမ့်မည်။ ၁၅ ငါတို့သည် သင်တို့အား ယခုပြောဆိုသည်မှာ ဘုရားသခင်၏နှုတ်တော်ထွက်သတင်းစကားဖြစ်၏။ သခင်ဘုရားသည် တဖန်ကြွလာတော်မူသောအခါ ယခုအသက်ရှင်လျက်နေသော ငါတို့သည် အသက်ရှင်လျက် ရှိနေဦးမည်။ ထိုအချိန်နာရီ၌ အသက်ရှင်လျက်ရှိသော ငါတို့သည် သခင်ဘုရားနှင့်အတူ ရှိရကြလိမ့်မည်။ သို့သော်လည်း သေလွန်သော သူတို့ထက် အရင်ကျလိမ့်မည် မဟုတ်။ ၁၆ သခင်ဘုရားကိုယ်တော်တိုင် ကောင်းကင်မှ ကြွဆင်းလာတော်မူလိမ့်မည်။ ထိုနေရာ၌ ကြွေးကြော်ခြင်းရှိလိမ့်မည်။ ထိုကြွေးကြော်ခြင်းသည် ကောင်းကင်တမန်မင်း အသံပေးခြင်းနှင့် ဘုရားသခင်၏တံပိုးတော်ကို မှုတ်ခြင်းအသံဖြစ်လိမ့်မည်။ ခရစ်တော်၌ သေလွန်သောသူတို့သည် ဦးစွာထမြောက်ကြလိမ့်မည်။ ၁၇ ထိုအချိန်နာရီ၌ပင် အသက်ရှင်လျက်ရှိသေးသော ငါတို့သည် ထိုသေလွန်သောသူတို့နှင့်အတူ အထက်သို့ စုရုံးလျက် ချီဆောင်ခြင်းကို ခံရလိမ့်မည်။ ငါတို့သည် အာကာသကောင်းကင်၌ သခင်ဘုရားနှင့်ဆုံရန် မိုးတိမ်များအားဖြင့် ချီဆောင်ခြင်းကို ခံရလိမ့်မည်။ ထို့နောက် ငါတို့သည် ဘုရားသခင်နှင့်အတူ အစဉ်မပြတ်နေရကြလိမ့်မည်။ ၁၈ ထို့ကြောင့် ဤစကားများအားဖြင့် တစ်ယောက်ကိုတစ်ယောက် နှစ်သိမ့်လျက် သက်သာစေကြပါ။

## သခင်ဘုရားကြွလာတော်မူခြင်းအတွက်ပြင်ဆင်ကြ

၅ ညီအစ်ကိုမောင်နှမများတို့ ယခုတွင် ငါတို့သည် သင်တို့အား အချိန်နာရီများနှင့် နေ့ရက်များအကြောင်းကို ရေးရန် မလိုအပ်ပေ။ ၂ ညအချိန်၌လာတတ်သော သူခိုးကဲ့သို့ သခင်ဘုရားသည် တဖန်ကြွလာသောအခါ အံ့အားသင့်ခြင်းရှိကြလိမ့်မည်ကို သင် တို့သည် ကောင်းစွာသိကြ၏။ ၃ လူတို့က “ငါ တို့၌ငြိမ်သက်ခြင်းနှင့် လုံခြုံမှုရှိ၏” ဟုပြောကြလိမ့်မည်။ ထိုအချိန်၌ ပျက်စီးခြင်းသည် သူတို့ဆီသို့ အလျင်အမြန်ရောက်လာလိမ့်မည်။ မိမိဝမ်း၌ ကလေးငယ်ကို လွယ်ထားပြီး မွေးဖွားခါနီးတွင် မိခင်တစ်ဦးခံစားရသော ဝေဒနာကဲ့သို့ ပျက်စီးခြင်းသည်လည်း ရောက်လာလိမ့်မည်။ ထိုသူတို့သည် ထွက်ပြေး၍ လွတ်မြောက်ကြမည်မဟုတ်။ ၄ သို့သော်လည်း ညီအစ်ကိုမောင်နှမများတို့ သင်တို့သည် မှောင်မိုက်*(အပြစ်တရား)*ထဲ၌ အသက်ရှင်နေရကြသည် မဟုတ်။ ထို့ကြောင့် ထိုနေ့ရက်သည် သူခိုးတစ်ယောက်ကဲ့သို့ သင်တို့ကို အံ့အားသင့်စေခြင်းရှိစေလိမ့်မည်မဟုတ်။ ၅ သင်တို့အားလုံးသည် အလင်း*(ကောင်းမြတ်ခြင်း)* နှင့် စပ်ဆိုင်သောသူများဖြစ်ကြ၏။ သင်တို့သည် နေ့အချိန်နှင့်စပ်ဆိုင်ကြ၏။ ငါတို့သည် ညအချိန်နှင့်သော်လည်းကောင်း၊ မှောင်မိုက်*(အပြစ်ဒုစရိုက်)* နှင့်သော်လည်းကောင်း စပ်ဆိုင်ခြင်းမရှိကြ။ ၆ ထို့ကြောင့် ငါတို့သည် အခြားသောသူတို့ကဲ့သို့မဖြစ်ရ။ ငါတို့သည် အိပ်ပျော်ခြင်း မရှိရ။ ငါတို့သည် နိုးထလျက် ကိုယ်ကိုယ်ကို ထိန်းချုပ်ရမည်။ ၇ အိပ်ပျော်သောသူတို့သည် ညအချိန်၌ အိပ်ပျော်လျက်ရှိကြ၏။ သေရည်သေရက်နှင့် ယစ်မူးသောသူတို့သည် ညအချိန် ၌ မူးယစ်တတ်ကြ၏။ ၈ သို့သော်လည်း ငါတို့သည် နေ့အချိန် *(ကောင်းမြတ်ခြင်း)* နှင့် စပ် ဆိုင်၏။ ထို့ကြောင့် ငါတို့သည် ကိုယ်ကိုယ်ကို ထိန်းချုပ်ရကြမည်။ ငါတို့ကို အကွယ်အကာပေးရန် ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာကို ဝတ်ဆင်ကြရပါမည်။ ကယ်တင်ခြင်းနှင့်မျှော်လင့်ခြင်း

သည် ငါတို့၏သံခမောက်ဖြစ်ရမည်။ ၉ ဘုရားသ
ခင်သည် မိမိ၏အမျက်တော်ကို ခံစေရန် ငါတို့ကို
ရွေးကောက်တော်မူခဲ့သည် မဟုတ်။ ဘုရားသခင်
သည် ငါတို့အား ငါတို့ သခင်ယေရှုခရစ်တော်အား
ဖြင့် ကယ်တင်ခြင်းကို ပိုင်ဆိုင်ရန် ရွေးကောက်
တော်မူ၏။ ၁၀ယေရှုသည် ငါတို့အတွက် အသေခံ
တော်မူ၏။ ထို့ ကြောင့် ငါတို့သည် သူနှင့်အတူ
အသက်ရှင် နေနိုင်ရန်ဖြစ်၏။ ယေရှုကြွလာတော်မူ
သောအခါ ငါတို့သည် အသက်ရှင်ကြသည်ဖြစ်စေ
သို့မဟုတ် သေသည်ဖြစ်စေ ထိုအရာသည် အရေး
ကြီးသောအရာမဟုတ်ပါ။ ၁၁ထို့ကြောင့် အချင်းချင်း
တစ်ယောက်ကိုတစ်ယောက် နှစ်သိမ့်၍ သက်သာ
စေကြပါ။ အချင်းချင်းတစ်ယောက်ကိုတစ်ယောက်
ခွန်အားနှင့်ပြည့်စုံစေကြပါ။ သင်တို့သည် ထိုအရာ
ကို ယခုပြုလျက်နေကြ၏။

**နောက်ဆုံးသွန်သင်ခြင်းနှင့် နှုတ်ဆက်ခြင်း**

၁၂ ညီအစ်ကိုမောင်နှမများတို့၊ ယခုတွင် သင်
တို့ကို သခင်ဘုရားထံတော်သို့ ဦးဆောင်လမ်းပြ
သော သူတို့နှင့် သင်တို့အား သွန်သင်ပေးသည့်
အမှု၌ကြိုးစားဆောင်ရွက်ခြင်းရှိသောသူတို့ကိုရိုသေ
လေးစားခြင်းရှိကြပါရန် ငါတို့သည် သင်တို့ကို
တောင်းပန်ကြ၏။ ၁၃ သင်တို့နှင့်အတူ သင်တို့ပြု
သောအမှုအရာတို့ကြောင့် ထိုသူတို့ကို အလွန်ချစ်
သောစိတ် နှလုံးဖြင့် ရိုသေလေးစားခြင်းရှိကြပါ။ အ
ချင်းချင်းတစ်ယောက်ကိုတစ်ယောက် ငြိမ်သက်
ခြင်းနှင့် အသက်ရှင်နေကြပါ။ ၁၄ ညီအစ်ကို မောင်
နှမများတို့ အလုပ်မလုပ်သောသူတို့ကို သတိပေး
ကြပါရန် သင်တို့ကို ငါတို့တောင်းပန်၏။ ကြောက်ရွံ့
သောသူတို့ကို အားပေးကြပါ။ အားနည်းသောသူ
တို့ကို ကူညီမစကြပါ။ ခပ်သိမ်းသောသူတို့အား
စိတ်ရှည်သည်းခံခြင်းရှိကြပါ။ ၁၅ မည်သူတစ်ဦးတစ်
ယောက်မှ အများအတွက် အမှားကိုပြန်၍ မပြုကြ
ရန် သတိပြုကြပါ။ သို့သော်လည်း အချင်းချင်း တစ်
ယောက်အတွက် တစ်ယောက်အဘယ်အရာကောင်း
သည်ကိုလည်းကောင်း၊ လူအားလုံးအတွက် အဘယ်
အရာကောင်းသည်ကိုလည်းကောင်း အစဉ်မပြတ်
ကြိုးစား၍ ပြုကြပါ။
၁၆အစဉ်မပြတ်ဝမ်းမြောက်ခြင်း အပြည့်ရှိကြပါ။
၁၇ ဆုတောင်းခြင်းကို ဘယ်သောအခါမျှ မရပ်ကြ
နှင့်။ ၁၈အချိန်တိုင်း၌ ဘုရားသခင်၏ကျေးဇူးတော်
ကို ချီးမွမ်းကြပါ။ ထိုအရာသည် ဘုရားသခင်သည်
ယေရှုခရစ်၌ သင်တို့အတွက် အလိုရှိသောအရာ
ဖြစ်၏။
၁၉ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ကို
မရပ်စေကြနှင့်။ ၂၀ ပရောဖက်ပြုခြင်းကို အရေးမ
ကြီးသောအရာကဲ့သို့ သဘောထားကာ ဆက်ဆံခြင်း
မပြုကြနှင့်။ ၂၁ သို့သော်လည်း ခပ်သိမ်းသောအရာ
တို့ကို စမ်းသပ်စစ်ဆေးကြပါ။ အဘယ်အရာသည်
ကောင်းမွန်သည်ကို သိမ်းထားကြပါ။ ၂၂ ခပ်သိမ်း
သောဆိုးညစ်ခြင်းမကောင်းမှုအမျိုးမျိုးတို့မှ အဝေး
သို့ ရှောင်ကြပါ။
၂၃ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင်သည် သူ
နှင့်သာလျှင် သက်ဆိုင်ကြစေရန် ဘုရားသခင်
ကိုယ်တော်တိုင် သင်တို့ကို သန့်ရှင်းစင်ကြယ်စေ
ပါမည့်အကြောင်း ငါတို့ဆုတောင်းကြ၏။ ငါတို့
သခင်ယေရှုခရစ်တော် ကြွလာတော်မူသောအခါ
သင်တို့၏ ကိုယ်ခန္ဓာစိတ်ဝိညာဉ်တို့သည် အမှား
အယွင်းကင်းလျက် လုံခြုံစွာစောင့်ထိန်းတော်မူလိမ့်
မည်အကြောင်း ငါတို့သည် ဆုတောင်းကြ၏။
၂၄သင်တို့ကို ခေါ်သောသူ *(ဘုရားသခင်)*သည်
ထိုအရာကို သင်တို့အတွက် ပြုတော်မူပါလိမ့်မည်။
သင်တို့သည် သူ့အား ယုံကြည်ကိုးစားနိုင်၏။
၂၅ ညီအစ်ကိုမောင်နှမများတို့၊ ငါတို့အားလုံး
အတွက်လည်း ဆုတောင်းပေးကြပါ။ ၂၆ သင်တို့
သည် ညီအစ်ကိုမောင်နှမများအားလုံးတို့ကို တွေ့
ဆုံကြသောအခါ သန့်ရှင်းသောနမ်းခြင်းကို ပြုကြ
ပါ။ ၂၇ ငါသည် သခင်ဘုရား၏ အခွင့်အာဏာ
*(တန်ခိုး)*အားဖြင့် ညီအစ်ကိုမောင်နှမများအားလုံး
တို့သည် ဖတ်ရှုကြပါရန် ဤစာကိုရေးသားလိုက်
ပါ၏။ ၂၈ ငါတို့ သခင်ယေရှုခရစ်တော်၏ ကျေးဇူး
တော် *(ကြင်နာခြင်း)*သည် သင်တို့နှင့်အတူရှိပါစေ
သော။ အာမင်

သက်သာလောနိတ်ဩဝါဒစာ ပထမစောင်ပြီး၏။